**ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ခြင်း။ မအောင်မြင်သည့် အာဏာသိမ်းချိန်မှစ၍ ၄ နှစ်အတွင်း မြန်မာနိုင်ငံ၏ အခြေအနေဆိုသည့် အစီရင်ခံစာ အကျဉ်းချုပ်ကို** လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) **(ND-Burma)** မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၊ ၄ ရက်။

လွန်ခဲ့သည့် ၄ နှစ်က လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်ကို မျက်ကွယ်ပြုခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တွင် စစ်ရာဇဝတ်သား မင်းအောင်လှိုင်ဦးဆောင်သည် မြန်မာ့တပ်မတော်သည် တိုင်းပြည်အာဏာကို မတရားရယူ၍ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများနှင့် တိုင်းပြည်အား တရားဝင် အုပ်ချုပ်ပိုင်ခွင့်ရှိသူများအဖြစ် ၎င်းတို့ဘာသာ ကြေငြာခဲ့သည့် စစ်တပ်အား ဝေဘန်ပြောကြားသူများကို မဆိုင်းမတွ ဖမ်းဆီး အကျဉ်းချခဲ့သည်။ သက်သေအထောက်အထားမရှိဘဲ ရွေးကောက်ပွဲသည် ရိုးသားမှုမရှိဟု စွပ်စွဲခဲ့သည်။ နာရီပိုင်းအတွင်း မြန်မာ့နိုင်ငံရေး အခြေအနေမှာ အမိုက်မှောင်ကျရောက်၍ ဒီမိုကရေစီ စံနှုန်းများ၊ အခွင့်အ ရေးနှင့် လွတ်လပ်မှုတို့ကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခံလိုက်ရသည်။

***ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ခြင်း။ မအောင်မြင်သည့် အာဏာသိမ်းချိန်မှစ၍ ၄ နှစ်အတွင်း မြန်မာနိုင်ငံ၏ အခြေအနေ ဆိုသည့် အစီရင်ခံစာ အကျဉ်းချုပ်ကို*** လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) **(ND-Burma)** မှ ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ ပြည်သူ့တော်လှန်ရေးအတွင်း အဓိက ကျသည့်ဖြစ်ရပ်များနှင့် လှုပ်ရှားမှုများကို ဆန်းစစ်တင်ပြထားသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ မြန်မာပြည်နှင့် နယ်စပ်ဒေသတွင် ကြီးမားသည့် အခက်အခဲ စိန်ခေါ်ချက်များ ကြုံတွေ့ရလင့်ကစား ၎င်းတို့၏ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဆုတ်မနစ်ဇွဲလုံ့လ၊ သံန္နိဋ္ဌာန် တို့ဖြင့် ကြိုးပမ်းနေမှုကြောင့် စစ်အာဏာရှင်တို့ အာဏာသိမ်းမှု အချည်းနှီးဖြစ်စေရန် တားဆီးနိုင်ကြသည်။

စစ်တပ်၏ အကြမ်းဖက်မှုများကြောင့် မြန်မာပြည်သူတို့၏ အခွင့်အရေးနှင့် လွတ်လပ်မှုမှာ နည်းပါးကျဆင်းနေပြီး ထိုအထဲတွင် သန်းနှင့်ချီသည့် အပြစ်မဲ့အမျိုးသမီးနှင့် ကလေးများမှာ ဒုက္ခများ ဆက်လက်ကြုံတွေ့ခံစားနေရသည်။ မအောင်မြင်သည့် အာဏာသိမ်းမှု ပထမနှစ်အတွင်း နေ့ခင်းကြောင်တောင်မှာပင် မြို့ပြနှင့် ကျေးလက်ရှိ ပြည်သူများ သတ်ဖြတ်ခံနေရသည်ကို အများအပြားတွေ့ရှိရသည်။ ဒုတိယနှစ်တွင် စစ်အာ ဏာရှင်တို့က လူသိထင်ရှားသည့် ဒီမိုကရေစီရေးလှုပ်ရှားသူ ၄ ဦးဖြစ်သူ ကိုဂျင်မီ (ကိုကျော်မင်းယု)၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့အား ရက်ရက်စက်စက် သေဒဏ်ပေးခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် တိုက်ပွဲများ ပြင်းထန်များပြားလာပြီး တိုင်းပြည်၏ ၈၀% သော မြို့နယ်များကို (မြို့နယ် ၃၃၀ တွင် ၂၂၅ မြို့နယ်) သက်ရောက် မှုရှိစေသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) ၏ ထုတ်ပြန်ချက်အရ အာဏာသိမ်းပြီးချိန်မှစ၍ လူပေါင်း ၅,၃၅၀ အသတ်ခံရပြီး စစ်ရှောင် ၃.၃ သန်းရှိသည်ဟု ဖော်ပြထားသည်။ ဒေသခံအဖွဲ့အစည်းများကမူ ၎င်းတို့၏ ဒေသများတွင် ယခုထက်ပိုမိုများပြားကြောင်း အစီရင်ခံထုတ်ပြန်ကြသည်။

အမျိုးသမီးနှင့် ကလေးများမှာ အကြမ်းဖက်မှုဒဏ်ကို အချိုးမညီစွာ ခံစားနေရသည်။ အပြစ်မဲ့ ပြည်သူများအပေါ် ဒရုန်းအသုံးပြုတိုက်ခိုက်ခြင်းအပါအဝင် စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုများ ပိုမိုများပြားလာသည်။ ND-Burma အဖွဲ့ဝင်များသည် စစ်အာဏာရှင်တို့၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုအပေါ် တာဝန်ယူ တာဝန်ခံမှုရှိစေရန်အတွက် ၎င်းတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေများနှင့်တကွ အမြဲတစေ ရဲဝံ့စွာ မှတ်တမ်းတင်လျှက်ရှိသည်။

မြန်မာပြည်သူတို့၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်မှုအပေါ် ဖြောင်ကျကျ တိုက်ခိုက်ခံရမှုမှာ ၅ နှစ်အတွင်း ဝင်လာပြီဖြစ်သည်။ ပြည်သူ့တော်လှန်ရေး၏ ကြံ့ခိုင်သည့်အင်အားမှာ ယုတ်လျော့မသွားဘဲ ရပ်တန့်သွားမည့် လက္ခဏာလည်းမရှိပေ။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် စစ်အာဏာရှင်တို့အား တရားဝင် အသိအမှတ်ပြုရာရောက်သည့် ဆက်ဆံမှုအကုန်လုံးကို ရပ်ဆိုင်း၍ ၎င်းတို့၏ ဒီမိုကရက်တစ် တန်ဖိုးများအပေါ်ထားရှိသည့် ကတိကဝတ်ကို ပြသရန်လိုအပ်သည်။ အရပ်ဖက်အဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ် ရေးအစိုးရ (NUG) မှ တောင်းဆိုနေသည့် အနာဂတ် မြန်မာနိုင်ငံတွင် ပြည်သူများအားလုံး ဘေးကင်းလုံခြုံစိတ်ချပြီး လွတ်လပ်စွာ နေထိုင်ရေးကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလေး ဂရုပြုရန် လိုအပ်သည်။

---

အသေးစိတ် သိရှိလိုပါက-

ဆန်ထွယ်
Signal: +66 64 195 6721

နိုင်အဲမွန်
Signal: +66 86 1679 741